# Ombudsman Western Australia

အချက်အလက် စာစောင်

# အွန်ဘတ်စ်မင် (Ombudsman) သို့ တိုင်တန်းခြင်း

**မြန်မာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ တည်းဖြတ်သည်။**

**အနောက်ဩစတြေးလျပြည်နယ် အစိုးရ အေဂျင်စီရုံး၊ ဒေသခံ အစိုးရ သို့မဟုတ် တက္ကသိုလ်တို့နှင့်ပတ်သက်၍ သင် ၎င်းတို့နှင့် ဖြေရှင်းမရနိုင်သည့် မကျေနပ်ချက်တစ်ခု သင့်တွင်ရှိပါသလား။ အွန်ဘတ်စ်မင်သည် ကူညီပေးနိုင်ကောင်း ပေးနိုင်သည်။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများမှာ အခမဲ့ဖြစ်သည်။**

အွန်ဘတ်စ်မင်သည် လွတ်လပ်ပြီး ဘက်မလိုက်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး အများပြည်သူများထံမှ အနောက်ဩစတြေးလျပြည်နယ် အာဏာပိုင်များနှင့်ပတ်သက်သည့် မကျေနပ်ချက်များကို စုံစမ်းစစ်ဆေးပြီး ဖြေရှင်းပေးသည်။ အများပြည်သူ အာဏာပိုင်များတွင် ပါဝင်သည်မှာ-

- ဌာနများ၊ ဥပဒေအရ အာဏာပိုင်များနှင့် ဘုတ်အဖွဲ့များ အပါအဝင် WA အစိုးရ အေဂျင်စီရုံးများ
- မြို့တော်များ၊ မြို့များနှင့် မြို့နယ်များအပါအဝင် ဒေသခံ အစိုးရများ၊ နှင့်
- တက္ကသိုလ်များ။

## အွန်ဘတ်စ်မင်သည် မည်သည့်အရေးကို စုံစမ်းစစ်ဆေးပေးနိုင်သနည်း။

အွန်ဘတ်စ်မင်သည် WA အစိုးရ အာဏာပိုင်များ၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် လုပ်ကိုင်ပုံများတို့နှင့်ပတ်သက်ပြီး တိုင်တန်းချက်များကို ၎င်းတို့မှာ ဥပဒေနှင့်ညီညွတ်ကြောင်း၊ သာနာမျှတကြောင်းနှင့် လျော်ကန်သင့်မြတ်ကြောင်း ရှိမရှိ သိရှိရန် စုံစမ်းစစ်ဆေးပေးနိုင်သည်။
၎င်းတို့တွင် အောက်ပါကဲ့သို့ အစိုးရဝန်ဆောင်ဌာနများနှင့်ပတ်သက်သည့် တိုင်တန်းချက်များပါဝင်သည်-

- ကျန်းမာရေး
- ပညာရေး
- အိမ်ရာချပေးရေး
- ဒေသဆိုင်ရာ အစိုးရ
- သယ်ယူပို့ဆောင်ရေး
- ကလေး အကာအကွယ်ပေးရေး
- အကျဉ်းထောင်များ
- တက္ကသိုလ်များ။

## အွန်ဘတ်စ်မင် စုံစမ်းစစ်ဆေး၍ မရနိုင်သည့် အရာတစ်ခုခု ရှိပါသလား။

ကျွန်ုပ်တို့ အောက်ပါတို့နှင့် ပတ်သက်သည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေး၍ မရနိုင်ပါ-

- သီးခြား ပုဂ္ဂိုလ်များ သို့မဟုတ် ဘဏ်များ၊ ဆိုင်များ၊ အသက်မွေးဝမ်းလုပ်ကိုင်သူများ သို့မဟုတ် အိမ်နီးချင်းများ ကဲ့သို့ အဖွဲ့အစည်းများ
- အစိုးရ ဝန်ကြီးများ၊ တရားရုံးများနှင့် အခြားသော အချို့အရာရှိများ သို့မဟုတ်
- တရားရုံး သို့မဟုတ် ခုံရုံးက ကိုင်တွယ်ဖြေရှင်းနိုင်သည့် ကိစ္စများ သို့မဟုတ် ၁၂ လ ထက်ကျော်လွန်နေသည့် ကိစ္စများ (အချို့ခြွင်းချက်များ သက်ဆိုင်နိုင်သည်)။

အကယ်၍ ကျွန်ုပ်တို့ သင့်အား မကူညီနိုင်လျှင် ကျွန်ုပ်တို့ ကူညီနိုင်သည့် တစ်စုံတစ်ယောက်နှင့် သင့်အား ဆက်သွယ်ပေးရန် ကြိုးစားပြီးလုပ်ပေးပါမည်။

အွန်ဘတ်စ်မင်သည် အစိုးရ အာဏာပိုင်များအား ၎င်းတို့၏ စီမံရေးရာ လုပ်ကိုင်ပုံများကို အနောက်ဩစတြေးလျပြည်နယ် ပြည်သူများ အားလုံး၏ အကျိုးအတွက် တိုးတက်အောင် ကူညီပေးပါသည်၊ အလားတူ ပြဿနာများ ဖြစ်ပေါ်လာခြင်းကို ကာကွယ်ရန် ပြဿနာဖြစ်ရခြင်း အကြောင်းရင်းများကို ဖော်ထုတ်ပေးခြင်းအားဖြင့်နှင့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ကိုင်ပုံများ၊ မူဝါဒများ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်တို့အပေါ် ပြောင်းလဲချက်များကို အကြံပြုပေးခြင်းအားဖြင့်ဖြစ်ပါသည်။

အွန်ဘတ်စ်မင် ဝန်ဆောင်မှုများမှာ လူတိုင်းအတွက် အခမဲ့ဖြစ်ပါသည်။

## သင်၏ မကျေနပ်ချက်မှာ လျှို့ဝှက်ကိစ္စဖြစ်ပါသလား။

အွန်ဘတ်စ်မင်၏ စုံစမ်းစစ်ဆေးမှုများသည် ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များအရ အတင်းအကျပ် လျှို့ဝှက်ထားရှိရပါသည်။ သင် ပေးအပ်သည့် သင်၏ မကျေနပ်ချက်နှင့် သင့်ကိုယ်တိုင် အကြောင်း သတင်းအချက်အလက်များကို သင့် မကျေနပ်ချက်ကို စိစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းအတွက်သာ သို့မဟုတ် ဥပဒေအရ ပြဋ္ဌာန်းထားသည့်အတိုင်းသာ အသုံးပြုပါမည်။

## သင် မည်သို့ တိုင်တန်းမည်နည်း။

သင် ပြဿနာကို ဆွေးနွေးရန် ကျွန်ုပ်တို့ရုံးခန်းကို လာရောက်နိုင်သည် သို့မဟုတ် တယ်လီဖုန်း ဆက်နိုင်သည်။ သင့် မကျေနပ်ချက်ကို စာဖြင့်ရေးသားထားရမည်။ သင့်မကျေနပ်ချက်ကို ရေးရန် အကယ်၍ ခက်ခဲလျှင် သင့်အား ကူညီရန် ကျွန်ုပ်တို့ကို သို့မဟုတ် တစ်ယောက်ယောက်ကို သင် အကူအညီတောင်းနိုင်သည်။ သင့်အနေဖြင့် သင် တိုင်တန်းလိုသည့် ပြဿနာ အသေးစိတ်နှင့် သက်ဆိုင်ရာ စာရွက်စာတမ်း တစ်ခုခု ကျွန်ုပ်တို့အား တင်ပြရန် လိုအပ်ပါလိမ့်မည်။ မကျေနပ်ချက် တိုင်တန်းလွှာပုံစံတစ်ခုကို စာရိုက်ထုတ်ရန် သို့မဟုတ် အွန်လိုင်းဖြင့် ဖြည့်စွက်ရန် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် **www.ombudsman.wa.gov.au** တွင် ရရှိနိုင်သည်။ သင် ကျွန်ုပ်တို့ထံသို့ စာလည်းရေးနိုင်သည် သို့မဟုတ် သင်၏ဖြည့်စွက်ပြီးဖြစ်သည့် မကျေနပ်ချက်တိုင်တန်းလွှာပုံစံကို စာတိုက်ဖြင့် သို့မဟုတ် အီးမေးလ်ဖြင့် တင်သွင်းနိုင်သည် သို့မဟုတ် ကျွန်ုပ်တို့၏ ရုံးခန်းသို့ ယူဆောင်လာနိုင်သည်။

## သင်၏ မကျေနပ်ချက်တိုင်တန်းမှုကို ကျွန်ုပ်တို့ ဘာလုပ်ပါသနည်း။

ကျွန်ုပ်တို့သည် သင်၏ မကျေနပ်ချက်ကို ကြည့်မည်ဖြစ်ပြီး စုံစမ်းစစ်ဆေးရန် လုပ်မလုပ် ဆုံးဖြတ်ပါမည်။ ကျွန်ုပ်တို့ အဖြေကို သင့်အား အကြောင်းကြားပေးပါမည်။ အကယ်၍ ကျွန်ုပ်တို့ စုံစမ်းစစ်ဆေးလျှင် ကျွန်ုပ်တို့ ဘက်မလိုက်ဘဲ သင်နှင့် အစိုးရ အာဏာပိုင် နှစ်ဖက်လုံး၏ ပြောကြားချက်ကို နားထောင်ပါမည်။ အကယ်၍ တစ်စုံတစ်ခု မှားယွင်းနေကြောင်း ကျွန်ုပ်တို့ တွေ့ရှိလျှင် သင့်အတွက် ပြဿနာကို ဖြေရှင်းပေးရန် သင်နှင့် အစိုးရ အာဏာပိုင်တို့အား ကျွန်ုပ်တို့ ပြောပါမည်။ အနာဂတ်တွင် သင့်အပေါ် သို့မဟုတ် တစ်စုံတစ်ယောက်အပေါ် အလားတူ နောက်ထပ် မဖြစ်စေရန် အစိုးရ အာဏာပိုင်အနေဖြင့် ၎င်းတို့ လုပ်ကိုင်သည့်နည်းလမ်းကို ပြောင်းလဲချက်များလုပ်ရန်ကိုလည်း ကျွန်ုပ်တို့ အကြံပြုကောင်း ပြုနိုင်သည်။

အွန်ဘတ်စ်မင်သည် မကျေနပ်ချက်တိုင်တန်းမှုများကို အမြန်ဆုံး ဖြေရှင်းပေးရန် ရှာကြံသော်လည်း ရှုပ်ထွေးသည့် အချို့ မကျေနပ်ချက်များမှာ ပိုမို အချိန်ကြာနိုင်ပါသည်။

## မကျေနပ်ချက် တစ်ရပ်ကို တိုင်တန်းခြင်း

**WA အစိုးရ အာဏာပိုင်နှင့် သင် ပြဿနာတစ်ခု ရှိပါသလား။**

↓

**အစိုးရ အာဏာပိုင်ရှိ တစ်စုံတစ်ယောက်နှင့် ဦးစွာ စကားပြောဆိုပါ။**

↓

**ပြဿနာမှာ ဖြေရှင်း၍ မရလျှင် အစိုးရ အာဏာပိုင် မကျေနပ်ချက် ဌာနခွဲနှင့် စကားပြောပါ။**

### သင့်ပြဿနာမှာ ဖြေရှင်း၍ မရသေးလျှင် အွန်ဘတ်စ်မင်ကို ဖုန်းခေါ်ပါ။

သင် လိုလားလျှင် စကားပြန်ဌာန သို့မဟုတ် အမျိုးသား တစ်ဆင့်ခံ ဌာနကို အသုံးပြု၍ သင် ကျွန်ုပ်တို့နှင့် စကားပြောနိုင်သည်။

**ကျွန်ုပ်တို့ ကူညီပေးနိုင်သည်ဟု ကျွန်ုပ်တို့ ထင်မြင်လျှင် သင့်အား ကျွန်ုပ်တို့ထံ စာရေးခိုင်းနိုင်သည်။**
သင့် မကျေနပ်ချက်ကို စာရေးရန် အကူအညီအတွက် သင် ကျွန်ုပ်တို့ထံ သို့မဟုတ် တစ်စုံတစ်ယောက်ထံ တောင်းဆိုနိုင်သည်။

↓

**ကျွန်ုပ်တို့ သင့် မကျေနပ်ချက်ကို ကြည့်မည်ဖြစ်ပြီး ကျွန်ုပ်တို့ ဘာလုပ်နိုင်သည်ကို သင့်အား ပြောပါမည်။**
တစ်ခါတစ်ရံ၌ ကျွန်ုပ်တို့သည် ကူညီရန်အတွက် အမှန်အကန်လူများ မဟုတ်ကြသော်လည်း ကူညီနိုင်သူကို ကျွန်ုပ်တို့

↓

**ကျွန်ုပ်တို့ တစ်စုံတစ်ခု လုပ်နိုင်လျှင်** ကျွန်ုပ်တို့သည် သင် သို့မဟုတ် သင် တိုင်တန်းနေသည့် အစိုးရ အာဏာပိုင်အား အကြောင်းအရာ ပိုမို အပြည့်အစုံအတွက် မေးမြန်းနိုင်သည်။

↓

**ကျွန်ုပ်တို့ အဖြေကို သင့်အား အသိပေးပါမည်။**
တစ်စုံတစ်ခု မှားယွင်းနေကြောင်း ကျွန်ုပ်တို့ တွေ့ရှိလျှင် ၎င်းကို ဖြေရှင်းပေးမည့်အကြောင်း သင်နှင့် အစိုးရ အာဏာပိုင်အား


## အွန်ဘတ်စ်မင် အနောက် ဩစတြေးလျပြည်နယ်

ကျွန်ုပ်တို့အား **ဖုန်း** 08 9220 7555 ကိုခေါ်ပါ သို့မဟုတ် **အခမဲ့ဖုန်း** 1800 117 000 (ကြိုးဖုန်းမှ အခမဲ့) ကိုခေါ်ပါ

စကားပြန် ဝန်ဆောင်မှု 131 450 အမျိုးသား တစ်ဆင့်ခံဖုန်း ဝန်ဆောင်မှု 1800 555 660 (08 9220 7555 နံပါတ်ကိုပြောပါ)

**ကျွန်ုပ်တို့အား အီးမေးလ်ပို့ရန် လိပ်စာ** mail@ombudsman.wa.gov.au **ဝက်ဘ်ဆိုက်** www.ombudsman.wa.gov.au

**လာရောက်ရန် လိပ်စာ-** Level 2, Albert Facey House, 469 Wellington Street Perth WA 6000

**ကျွန်ုပ်တို့အား စာရေးရန် လိပ်စာ-** PO Box Z5386 St Georges Terrace Perth WA 6831